(က) ခေါင်းဆောင်မြန်မာဘာသာဋီကာကျမ်းဖြစ်ခြင်း

ဤကျမ်းကား အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကျမ်းကို မြန်မာဘာသာဖြင့် ဖွင့်ဆိုသည့် ဘာသာဋီကာ ကျမ်းတစောင်ဖြစ်သည်၊ ဘာသာဋီကာကျမ်းတစောင် ဖြစ်ကြောင်းကို ဖွင့်ဆိုရေးသားပုံကို ကြည့်ရှု၍ အကဲဖြတ်လျှင်လည်း သိနိုင်သည်၊ ကျမ်း၏ နိဂုံး၌—

> ပရမတ္ထာနံ သရူပ ဘေဒနီ နာမ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ပြသော ပရမတ္ထတရားလေးပါးတို့၏ သရုပ်ကို ခွဲထုတ်ဝေဖန်ရာ သကာတ်ကြောင့် ပရမတ္ထသရူပဘေဒနီ အမည်တံဆိပ် ခတ်နှိပ်အပ်သော။ ဝဏ္ဏနာ၊ မြန်မာ့ ဘာသာအဖွင့် သံဝဏ္ဏနာကျမ်းသည်—

ဟူသော ကျမ်းပြုဆရာတော်၏ ရေးသားဖော်ပြချက်ကို ထောက်၍လည်း သိနိုင်ပေသည်။

သင်္ဂြိုဟ်ကျမ်း၏ မြန်မာဘာသာအဖွင့် ဋီကာကျမ်းများ စာရင်းကိုပြဆိုခဲ့ပါပြီ။ ယင်းသို့ ပြဆိုအပ်သော မြန်မာဘာသာ ဋီကာကျမ်းတို့တွင် ဤပရမတ္ထ သရူပဘေဒနီကျမ်းသည် ကျမ်းဖြစ်ပေါ်သည့် အချိန်ကာလအားဖြင့် ဖြစ်စေ, တီထွင်ရေးသားပုံအားဖြင့်ဖြစ်စေ ရှေ့သွားခေါင်းဆောင် ကျမ်းတစောင် ဖြစ်ပေသည်။

မှန်ပေသည်၊ အချို့ကျမ်းများသည် ကျမ်းဖြစ်ပေါ်သည့် အချိန်ကာလအားဖြင့် အလျင်ဦးသော်လည်း တီထွင်ရေးသားပုံအားဖြင့် နောက်ကျနေတတ်၍ အချို့ကျမ်းများမှာ တီထွင်ရေးသားပုံအားဖြင့် ရှေ့ကပြေးသော်လည်း ကျမ်းဖြစ်ပေါ်သည့် အချိန်ကာလ နောက်ကျတတ်ပြန်ပေရာ ခေါင်းဆောင်ကျမ်းဟူသော အမည်ကို တင်းပြည့် ကျပ်ပြည့် မခံယူထိုက်ပေ၊ ဤကျမ်းမှာမူကား အထက်ပါ အင်္ဂါနှစ်မျိုးတို့နှင့် ပြည့်စုံညီညွတ်သောကြောင့် ခေါင်းဆောင်ကျမ်း ဟု ခေါ်ထိုက်လှပါပေသည်။

ဤအဆို မှန်ကန်ကြောင်းကို အခြားထင်ရှားသည့် မြန်မာဋီကာကျမ်းကြီးများနှင့် နှိုင်းယှဉ်ကြည့်ကြပါစို့။

(၁) ဤကျမ်းသည် သက္ကရာဇ် ၁၂၄၅-ခုနှစ်၌ ပြီးဆုံးသည်။

(၂) မြို့ပြင်ကြီး အရှင်စန္ဒဝံသ၏ အဘိဓမ္မတ္ထသရူပဒီပကကျမ်း (မန္တလေးမြို့၊ မြန်မာ့တာရာ သတင်းစာပုံနှိပ်တိုက်က ၁၂၅၇-ခုနှစ်၌ ပထမဦးစွာ ပုံနှိပ်ပြီးစီးသည်)။

(၃) ဗိုလ်ကုန်းဆရာတော်အရှင်ဉာဏ၏ အဘိဓမ္မတ္ထဒီပကကျမ်းမှာ ၁၂၆၆-ခုနှစ်၌ ကျမ်းပြီးသည်။

(၄) လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသော ပရမတ္ထသံခိပ်ဋီကာမှာ ၁၂၇၈-ခုနှစ်၌ ကျမ်းပြီးသည်။

(၅) သုဓမ္မဆရာတော် အရှင်သဒ္ဓမ္မဇောတိပါလ၏ ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်းမှာ ၁၂၈၈-ခု နှစ်၌ ကျမ်းပြီးသည်။

(၆) အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာကျမ်းမှာ ၁၂၉၈-ခု နှစ်၌ ကျမ်းပြီးသည်။

(၇) မေဓာဝီဆရာဆိုင်၏ အဘိဓမ္မတ္ထဂူဠတ္ထဒီပနီ ကျမ်းမှာ ၁၃၀၁-ခုနှစ်၌ ကျမ်းပြီး၏။

အထက်ပါ ကျမ်းပြီး သက္ကရာဇ်များကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ဤပရမတ္ထ သရူပဘေဒနီကျမ်းက အစောဆုံး ထွက်ပေါ်လာသည်ကို တွေ့ရပေသည်၊ ဒုတိယ အစောဆုံးဖြစ်သည့် အဘိဓမ္မတ္ထသရူပဒီပကကျမ်းထက်ပင် နှစ်ပေါင်း ၁၂-နှစ်ခန့် စောနေပေသေးသည်။

တီထွင်ရေးသားမှုအားဖြင့် နှိုင်းယှဉ်ကြည့်ပြန်သော်—

ဤကျမ်း၌ ယခင်က ပါဠိမြန်မာအဖွင့် သံဝဏ္ဏနာတို့၌ မပြဆိုဘူးသေးသည့် စေတသိက်ချင်းယှဉ်ပုံကို ပြဆိုသည့် တဒုဘယမိဿကနည်း, တတ္တိကမိဿကနည်းများကို၎င်း၊ စေတသိက်တို့ကို ပကိဏ်းပိုင်းလာ ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ခွဲဝေပြဆိုနည်းများကို၎င်း တီထွင်၍ ရေးသားထားသည်၊ ၎င်းကို အခြားကျမ်းများကလည်း နောက်မှလိုက်၍ ပြဆိုကြသည်၊ ပုံသာဓက တခုမျှထုတ်ပြပါအံ့။

ဤကျမ်း ဝတ္ထုသင်္ဂဟအဖွင့်၌—စေတသိက်တို့ကို ဝတ္ထုရုပ် မှီ,မမှီ ခွဲပြသော အကျဉ်းဆောင်ပုဒ်ကို ရံခါမှီမှု ဆဝတ္ထုက—စသည်ဖြင့် ရေးသားပြဆိုထားသည်။

အဘိဓမ္မတ္ထဒီပကကျမ်း၌ ၎င်းလင်္ကာ၏နောက်သို့လိုက်၍— ပဋ္ဌဝါကာ-ရံခါ မှီမှု ဆဝတ္ထုက—စသည်ဖြင့် အလိုက်လင်္ကာရေးထားသည်။

ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်း၌—ရံခါမှီမှု၊ ဆဝတ္ထု၊ မှတ်ရှုစေ သတ္တာ—ဟု အလိုက် သံပေါက်ရေးထားသည်။

သင်္ဂြိုဟ်ဘာသာဋီကာနှင့် အဘိဓမ္မတ္ထဂူဠတ္ထဒီပနီ ကျမ်းတို့၌ ဤကျမ်းပါ လင်္ကာအတိုင်းပင် ရေးသားဖော်ပြကြသည်။

ဤသို့လျှင် ဤပရမတ္ထသရူပဘေဒနီကျမ်းသည် ကျမ်းဖြစ်ပေါ်သည့် အချိန် ကာလအားဖြင့် ဖြစ်စေ, တီထွင်ရေးသားမှုအားဖြင့် ဖြစ်စေ ခေါင်းဆောင် မြန်မာဘာသာဋီကာ ကျမ်းတစောင်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

(ခ) ပရမတ္ထသရုပ်ခွဲ ကျမ်းဘုရင်ဖြစ်ခြင်း

"သင်္ဂြိုဟ်မှာ သရုပ်၊ သဒ္ဒါမှာ ရုပ်"-ဆိုသည့် ရှေးစကားအတိုင်း သင်္ဂြိုဟ်ကျမ်းကို လေ့လာသင်ကြားရာ၌ သရုပ်ကွဲဘို့ အရေးကြီးလှသည်၊ ထို့ကြောင့် သင်္ဂြိုဟ်ကျမ်းကို ဖွင့်ပြရာ၌ သရုပ် ခွဲနည်းကို အထူးဦးစားပေး၍ ရေးသားဖွင့်ဆို ပြလေသည်၊ ဤအဆိုထင်ရှားစေရန် စိတ်ပိုင်း၌ ခွဲပြပုံကို လေ့လာတင်ပြပါအံ့။

(၁) စိတ်များကို အစဉ်အတိုင်း (အနုလောမနည်း) ရေတွက်ခွဲနည်းကို ပြသည်။

(၂) အပြန်အလှန်အားဖြင့် (ပဋိလောမနည်း) ရေတွက်ခွဲနည်းကို ပြသည်။

(၃) အဋ္ဌဓာ လောဘမူလာနိ- စသော နိဂုံးဂါထာများဖြင့် ခွဲနည်းကို ပြသည်။

(၄) ဒွါဒသာကုသလာနေဝံ- စသော ဂါထာအရ ဇာတိဘေဒ ခွဲနည်းကို ပြသည်။

(၅) ပါပါဟေတုကမုတ္တာနိ-စသော ဂါထာအရ သောဘဏ, အသောဘဏ ခွဲနည်းကို ပြသည်။

(၆) ဝေဒနာဘေဒ သရုပ်ခွဲနည်းကို ပြသည်။

(၇) သမ္ပယောဂနည်း သရုပ်ခွဲနည်းကို ပြသည်။

(၈) သင်္ခါရဘေဒ သရုပ်ခွဲနည်းကို ပြသည်။

(၉) သုခသဟဂုတ် မဟုတ်စသည်ဖြင့် နှ- ယောဂ ဝေဒနာဘေဒ ခွဲနည်းကို ပြသည်။

(၁၀) ဝေဒနာယောဂ-စသည်ကို မူထား၍ သင်္ခါရယောဂ-စသည်ဖြင့် (မူလီ သွတ်) မြောက်ပွါးသော မိဿကသရုပ်ခွဲနည်းကို ပြသည်။

(၁၁) ဇယားကွက်ချ၍ သရုပ်ခွဲနည်းကို ပြသည်။

ဤသို့အားဖြင့် စိတ်ပိုင်း၌ပင် သရုပ်ခွဲနည်း ၁၁-နည်းမျှ ပြဆိုထားပေသည်၊ အခြားအပိုင်းတို့၌လည်း ဤနည်းနှင်နှင် သရုပ်ကို လက်မလွှတ်စေပဲ ခွဲ၍ ခွဲ၍ ပြဆိုထားပေသည်။

စေတသိက်ပိုင်းလာ တဒုဘယမိဿကနည်း, တတ္တိကမိဿကနည်းတို့ကား ဤကျမ်း၏ သရုပ်ခွဲအရာ၌ အခြားကျမ်းတို့နှင့်မတူ သရဖူဆောင်းသည့်အဖြစ်ကို သက်သေထူနေခြင်း ဖြစ်ပေသည်။

ဤသရုပ်ခွဲနည်းများကို ကြည့်ရှု၍ ဘာသာဋီကာကျမ်းများစွာကို ပြုစုတော်မူသည့် အရှင်ဇနကာဘိဝံသက—

> ဝိသုဒ္ဓါရာမိကော ထေရော၊ ဂဏီ ဂမ္ဘီရဂေါစရော။
> သောတူနံ ဉာဏသုဒ္ဓါယ၊ ဗောဓေသိ နယမိဿကံ။

ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယကဖြစ်တော်မူသော နက်နဲရာ၌ လေ့လာ ကျက်စားသော ဉာဏ်ရှိတော်မူသော ဝိသုဒ္ဓါရာမသခင် ထေရ်အရှင်သည် ဉာဏ် ဖြေနုနယ် စာသင်ငယ်တို့၏ (ပရမတ်သရုပ်၌) အသိဉာဏ် စင်ကြယ်စေခြင်း အကျိုးငှါ (တဒုဘယ, တတ္တိကဟူသော) မိဿကနည်းကို သိစေတော်မူလေပြီ- ဟု သင်္ဂြိုဟ်ဘာသာဋီကာကျမ်း စာမျက်နှာ ၁၇၁-၌ ဥဒါန်းစကား ရေးသား တော်မူခဲ့လေသည်။

ဤမျှပြဆိုလျှင် ဤကျမ်းကို သရုပ်ခွဲကျမ်းဘုရင်ဟု ခေါ်သင့်,မခေါ်သင့် စာရှုသူတို့ နှိုင်းချင့် ဝေဖန်နိုင်လောက်ပါလေပြီ။

(ဂ) ပဋိပတ္တိစွယ်စုံကျမ်းကြီး ဖြစ်ခြင်း

သာသနာသုံးရပ်။ ။မြတ်စွာဘုရား အဆုံးအမ သာသနာတော်သည် လေ့လာ သင်ကြားမှု ပရိယတ္တိသာသနာ, ကျင့်ကြံအားထုတ်မှု ပဋိပတ္တိသာသနာ, ထိုးထွင်းသိမြင်မှု ပဋိဝေဓသာသနာဟူ၍ သုံးမျိုးရှိသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး။ ။ထိုသုံးမျိုးတို့တွင် ကျင့်ကြံအားထုတ်မှု ပဋိပတ္တိသာသနာ၌ ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးကို ကျင့်သုံးစောင့်ထိန်းမှု 'သီလ', စိတ်တည်ကြည်ငြိမ်သက်အောင် စီးဖြန်း ပွါးများမှု သမထဘာဝနာ, ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စစသော အခြင်းအရာတို့ ဖြင့် အထူးရှုမှတ်ပွါးများမှု ဝိပဿနာဘာဝနာဟူ၍ အပိုင်း သုံးပိုင်း ရှိပေသည်၊ ယင်းအပိုင်း သုံးပိုင်းကို အကျယ်တဝင့် ဖွင့်ပြသော ကျမ်းကြီးကား အရှင်မဟာ ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီး ဖြစ်ပါသည်။

မဟာဋီကာ။ ။ထိုသည့်အဋ္ဌကထာကျမ်းကြီးမှာလည်း အချို့နေရာတို့၌ အသိ ခက်သည့် ပဒ်ပါဌ် အနက်အဓိပ္ပါယ် အယူအဆများ ရှိနေပြန် သေးရာ ၎င်းတို့ကို ရှင်းလင်းပြဆိုရန် အရှင်ဓမ္မပါလဆရာတော်က ပရမတ္ထမဉ္ဇူသာ အမည်ရှိသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာကျမ်းကြီးကို ရေးသားစီရင်ရပြန်လေ သည်။

ယင်းအဋ္ဌကထာနှင့် ဋီကာတို့မှာလည်း ပါဠိဘာသာဖြင့် ရေးသားစီရင် ထားသည်ဖြစ်လေရာ မြန်မာဘာသာကိုသာ တတ်ကျွမ်းသော မြန်မာလူမျိုးတို့

နားလည်နိုင်စေရန် ပြည်ဆရာတော်က အဋ္ဌကထာနိဿယကျမ်းကို၎င်း, မဟာစည်ဆရာတော်က မဟာဋီကာနိဿယကျမ်းကို၎င်း, ကျိုက်ထို အရှင်နန္ဒမာလာ ဆရာတော်က ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၏ မြန်မာပြန်ကျမ်းကို၎င်း ပြုစုရေးသား ရပြန်လေသည်။

ဤသို့ဆိုသော် မြန်မာဘာသာကိုသာ တတ်ကျွမ်းသူတယောက် ပဋိပတ္တိ သာသနာဟု ဆိုအပ်သော သီလ, သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့၏ အကြောင်းစုံကို လေ့လာလိုပါမူ—

(၁) အထက်ပါကျမ်းကြီးများကို တွဲစပ်၍ ကြည့်ရန်

(၂) သို့မဟုတ် ၎င်းကျမ်းကြီးများကို ရောနှောညှိနှိုင်း ရေးသားထား သည့် ကျမ်းတစောင်တဖွဲ့ကို ကြည့်ရန် လိုအပ်ကြောင်း တွေ့နိုင် ပေသည်။

ဤနည်း(၂)မျိုးတို့တွင် (၁)နံပါတ်နည်းမှာ မလွယ်ကူချေ၊ အကြောင်းမှာ ဖော်ပြပါ အဋ္ဌကထာ, ဋီကာ, နိဿယကျမ်းကြီးများကို ညှိ၍ ကြည့်ရန် ခက်ခဲ သောကြောင့်တည်း၊ (၂)နံပါတ်နည်းမှာ လွယ်ကူစွာ ဖြစ်နိုင်၏၊ အကြောင်း ကား ဤပရမတ္ထသရူပဘေဒနီကျမ်းကြီး ရှိနေသောကြောင့်တည်း။

မှန်၏၊ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း အဖွင့်ဖြစ်သော ဤပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယပိုင်းသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို အမာခံထား၍ မဟာဋီကာ အဖွင့် များဖြင့် ဖြည့်စွက်ကာ ပါဠိတော်, အဋ္ဌကထာ, ဋီကာ အကိုးအကားတို့ဖြင့် မွမ်းမံပြီးလျှင် ပြုစုထားသော ပဋိပတ္တိစွယ်စုံကျမ်းကြီးတစောင် ဖြစ်ပေသည်။

ယင်းသို့ ပရိယတ္တိ ပဋိပတ္တိ စွယ်စုံကျမ်းကြီးတစောင် ဖြစ်လောက်အောင် ရေးသားထားသောကြောင့်လည်း သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းကို ဖွင့်ဆိုရာ၌ အဘယ် ဋီကာကျမ်းမျိုးမှ ဤပရမတ္ထသရူပဘေဒနီကျမ်းကို တုဖက်ယှဉ်ပြိုင် လိုက်၍မမီ နိုင်အောင် ဖြစ်ရလေသည်၊ ဤစကား ထင်ရှားစေရန် အခြား ထင်ရှားသည့် မြန်မာဘာသာဋီကာကြီးများနှင့် နှိုင်းယှဉ်ပြပါအံ့—

ကျမ်းအမည်	ကမ္မဋ္ဌာန်းပိုင်းအဖွင့် စာမျက်နှာပေါင်း
ပရမတ္ထသရူပဘေဒနီ	၅၀၉
အဘိဓမ္မတ္ထဒီပက	၁၃၅
ပရမတ္ထသရူပအနုဝဏ္ဏနာ	၁၀၂
သင်္ဂြိုဟ်ဘာသာဋီကာ	၉၉
အဘိဓမ္မတ္ထဂူဠတ္ထဒီပနီ	၁၅၉

အထက်ပါ နှိုင်းယှဉ်ချက်ကို ကြည့်ပါက သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းကို ဖွင့်ဆို သော ဋီကာကျမ်းများတွင် ဤကျမ်းသည် အကျယ်ဝန်းဆုံး အများဆုံး ဖွင့်ဆို သည်ကို တွေ့နိုင်ပေသည်၊ ဒုတိယလိုက်သည့် ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်း ထက်ပင် လေးဆနီးပါး များပြား ကျယ်ဝန်းနေပေသည်။

ပဋိပတ္တိသာသနာဟူသော သီလ, သမာဓိ, ပညာတို့၏ အကြောင်းအရာကို ပြဆိုသော ကမ္မဋ္ဌာန်းပိုင်းကို ဖွင့်ဆိုရာတွင် ဤမျှ များပြား ကျယ်ဝန်းစွာ ရေးသားဖွင့်ဆိုပါမှ လေ့လာသူတို့အတွက် အနက်အဓိပ္ပါယ်ကို စုံစုံလင်လင်, ရေရေလည်လည် သိရှိနားလည်နိုင်ပေမည်၊ ဤပဋိပတ္တိသာသနာသိက္ခာသုံးပါး၏ အကြောင်းအရာကို ပါဠိဘာသာဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စာမျက်နှာပေါင်း ၇၂၆, ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ စာမျက်နှာပေါင်း ၉၉၆, အရှင်နန္ဒမာလာ၏မြန်မာပြန် စာမျက်နှာပေါင်း ၁၅၀၀-ခန့်တို့ဖြင့် ဖွင့်ပြ ရေးသားရသည်ကို ထောက်ဆကြည့် ပါက ဤပရမတ္ထသရူပဘေဒနီကျမ်း ဖွင့်ပြ ရေးသားသည့် အတိုင်း အတာ ပမာဏမျှ ဖွင့်ဆို ရေးသားမှ စုံလင် ပြည့်ဝမည်ကို သတိပြုသင့်ပေသည်။

ဤကဲ့သို့သော အကြောင်းများကြောင့် ပရမတ္ထသရူပဘေဒနီကျမ်းသည် ပဋိပတ္တိစွယ်စုံကျမ်းကြီး တဆူဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

(ဃ) အမှားကို ပယ်လှန်၍ အမှန်ကို ဖော်ပြခြင်း

သင်္ဂြိုဟ်ကျမ်း၏ အနက်အဓိပ္ပါယ်များကို ဖွင့်ပြရာ၌ အချို့သော ကျမ်းတို့၏ ဖွင့်ဆိုရေးသားချက်များသည် သဘာဝမကျ၊ ပါဠိတော် အဋ္ဌကထာ ဋီကာကြီး များနှင့် မညီမှု၍ ချွတ်ချော်တိမ်းပါး မှားယွင်းနေသည့်အချက်များကို ဤ ပရမတ္ထသရူပဘေဒနီကျမ်း၌ အကျိုးအကြောင်း အထောက်အထားပြဆိုကာ ပယ်လှန်၍ အမှန်ကို ရေးသားဖော်ပြထားသည်ကို များစွာပင် တွေ့နိုင်ပေသည်၊ ထိုအများထည်းမှ အနည်းငယ်မျှ ထုတ်နုတ်ပြပါအံ့။

(၁) ဝီထိလက်ရိုးကျမ်း၌ အပ္ပနာဇဝနဝီထိတွင် ဘဝင်အကုန်, ဘုံအကုန် ချ၍ ပြဆိုထား၏၊ ၎င်းကို ဤကျမ်း(နှာ-၆၀)၌ ပဋ္ဌာနပါဠိ, အဋ္ဌကထာ အကိုးအကားဖြင့် ပယ်ရှားထား၏။

(၂) သင်္ဂြိုဟ်ဝက္ကိသစ်၏ ကမ္မစတုက္ကအယူအဆ ဖွင့်ပြချက်ကို(နှာ-၁၅၄)၌ သင်္ဂြိုဟ်နှင့် ဋီကာကျော်ကို ကိုးကား၍ မှားကြောင်း ပြဆိုထား၏။

(၃) အဘိဓမ္မတ္ထသင်္ဂဟဒီပနီကျမ်း၌ အဓိပ္ပါယဂဟဏဝီထိသည် တတိယ, ဝိညတ္တိ ဝိဇာနန ဝီထိသည် စတုတ္ထဟု ပြဆိုချက်ရှိ၏၊ ၎င်းပြဆိုချက် ယုတ္တိမရှိဟု ဤကျမ်း(နှာ-၂၀၂)၌ ပယ်ရှားထားသည်။

(၄) အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်, သင်္ခေပဋီကာ နှင့် သင်္ဂြိုဟ် ဂဏ္ဌိသစ်ကျမ်းတို့၏ 'ပဝတ္တိကာလ' အဖွင့်အယူအဆများကို ပါဠိတော်, အဋ္ဌကထာ, ဋီကာကြီးများ အကိုးသာဓကဖြင့် အမှန်ကို ပြဆိုချက် (နှာ-၂၂၄)မှ စ၍ တွေ့နိုင်ပေသည်။

ဤကဲ့သို့သော အမှားကို ပယ်လှန်၍ အမှန်ပြဆိုချက် အများအပြားပင် ဤ ကျမ်း၌ ရေးသားထားပါသည်။

(င) ကွဲပြားသောအယူအဆကို ဆုံးဖြတ်၍ပြခြင်း

အဘိဓမ္မာသဘာဝတို့၌ ထိုထိုကျမ်းတို့၏ အယူအဆ မတူကြဘဲ ဝါဒကွဲသော အရာဌာနများကို ဤကျမ်းက အကိုးအကား ယုတ္တိသာဓကတို့ဖြင့် ဆုံးဖြတ်၍ ပြဆိုထားပါသည်၊ ပုံစံမျှ ထုတ်ပြရသော်—

(၁) အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်ကျမ်း၌ ကာမဘုံမှ စုတေ၍ ကာမဘုံသို့ ပဋိသန္ဓေနေသော သတ္တဝါ၏ သေခါနီး မရဏာသန္နဝီထိ ၂-မျိုးသာဟု ပြဆို၏၊ ဝီထိလက်ရိုး, ဆုသိစသော ဝီထိပိုင်းအဖွင့် မြန်မာအဘိဓမ္မာကျမ်းတို့၌ ၄-ဝီထိဟု ပြဆို၏၊ ဤသို့ အယူအဆ ဝါဒကွဲသည်ကို ဤကျမ်း(နှာ-၃၃)၌ သမ္မောဟဝိနောဒနီအဋ္ဌကထာ ကြီးကို ကိုးကား၍ ဆုံးဖြတ်ချက် ချထားသည်။

(၂) အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌသာလိနီ အဋ္ဌကထာကြီး၌ ကြိယာ ဇောနောင် တဒါရုံကျသည်ဟု ပြဆို၏၊ အရှင်အာနန္ဒာ၏ မူလ ဋီကာ၌ တဒါရုံမကျဟု ငြင်းဆန်၍ ပြ၏၊ ဤသို့ အဋ္ဌကထာကြီး, ဋီကာကြီးတို့၏ ကွဲပြားသော ဝါဒကို ပဋ္ဌာန်းပါဠိတော် အထောက် အထားပြ၍(နှာ-၃၃)၌ ဆုံးဖြတ်ချက် ချထား၏။

(၃) အဘိဓမ္မတ္ထသင်္ဂဟ=သင်္ဂြိုဟ်ကျမ်းရုပ်ပိုင်း ရူပ ပဝတ္တိက္ကမ၌ ကာမေန- ဟု၎င်း၊ ကမ္မေန-ဟု၎င်း ပါဌ်နှစ်ထွေ ကွဲပြား၍ရှိနေရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာစကား အထောက်အထားဖြင့် (နှာ-၂၂၃)၌ ဆုံးဖြတ်ချက် ချထားပေသည်။

ဤသို့စသော ဝါဒအကွဲအပြား ဆုံးဖြတ်ချက်တို့သည်ကား ဤပရမတ္ထ သရူပဘေဒနီကျမ်း၏ အင်အားတရပ်ပင် ဖြစ်ပါသည်။

(စ) အခက်အခဲ အရှုပ်အထွေးကိုရှင်းပြသည့် ဝိနိစ္ဆယများ ပါရှိခြင်း

သင်္ဂြိုဟ်ကျမ်း၌ပါသော အချို့သော အရာဌာနတို့၌ အဘိဓမ္မာသဘာဝ အယူအဆခက်ခဲသည်၊ ရှုပ်ထွေးသည်၊ သိနိုင်ရန်မလွယ်ချေ၊ ထိုသို့သော အခက်

အခဲ အရှုပ်အထွေးများကို လေ့လာသူတို့ သိနိုင်လောက်အောင် ရှင်းလင်း ရေးပြ၍ ဝိနိစ္ဆယဆုံးဖြတ်ချက်များ ချထားပေသည်၊ နမူနာမျှ ထုတ်ပြပါမည်။

(၁) ဘုရား, ရဟန္တာတို့ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံကြသောအခါ ဝိပါက်အမှန် ဇောအပြန် ဖြစ်မည်, ဝိပါက်လည်းအမှန် ဇောလည်း အမှန် ဖြစ်မည်ကိုပါဠိ, အဋ္ဌကထာ, ဋီကာ သာဓကတို့ဖြင့် ဝိနိစ္ဆယ ချထားသည်ကို ဤကျမ်း နှာ-၆၇-မှစ၍ သုတေသီတို့ လေ့လာနိုင် ပေသည်။

(၂) ဥပစ္ဆေဒက မရဏကို အဘယ်ဘုံ, အဘယ်ပုဂ္ဂိုလ်တို့၌ ရသင့်, မရသင့် ကို ဝေဖန်ဆုံးဖြတ်၍ပြသည့် ဝိနိစ္ဆယကား ဤကျမ်း နှာ-၁၇၈-မှ စ၍ ရေးသားဖော်ပြထားပေသည်။

(၃) ခက်ခဲလှသော ဝိညတ္တိဂ္ဂဟဏဝီထိကို ရှင်းလင်းဖော်ပြသည့် နာမည် ကျော် သသကဝိနိစ္ဆယကို ဤကျမ်း နှာ-၁၉၂ မှစ၍ လေ့လာသူတို့ ဖတ်ရှုနိုင်ပါသည်။

ဤသို့သော ဝိနိစ္ဆယများကား ဤပရမတ္ထ သရူပဘေဒနီကျမ်း၏ ထက်မြက် စူးရှသည့် အပိုင်းကဏ္ဍများပေတည်း။

(ဆ) ကျက်မှတ်ဖွယ်အချုပ်ဆောင်ပုဒ်များပါဝင်ခြင်း

အဘိဓမ္မာဆိုင်ရာ သိမှတ်ဖွယ်အဓိပ္ပါယ်များကိုဖြစ်စေ၊ ခက်ခဲရှုပ်ထွေးသော အရာဌာနမျိုးကို ရှင်းပြရာ၌ဖြစ်စေ၊ အကျယ်ဝိတ္ထာရကို အကျဉ်းပြုရာ၌ဖြစ်စေ၊ သချ်ာသရုပ်အမျိုးအစား ထုတ်ပြရာ၌ဖြစ်စေ ထိုထိုအဓိပ္ပါယ် သရုပ်သချ်ာတို့ကို စာသင်သားတို့၏ အသည်းထဲမှာ စွဲမြဲစွာမှတ်မိနေစေရန် အာဂုံနှုတ်တက် ဆောင်ရွက်နိုင်သည့် အချုပ်ပြ ကဗျာလင်္ကာ ဂါထာဆောင်ပုဒ်များဖြင့် ရေးသား ပြဆိုချက်များမှာ ဤကျမ်း၌ အများ အပြားပါဝင်ပေသည်။

၎င်းတို့မှာကား စာသင်သားတိုင်း လိုလိုပင် မလွှတ်တမ်း ကျက်မှတ်ဆောင် ရွက်နေကြရသည်—

(၁) ဝေဒနာ တစ်၊ခြောက်ပါးဖြစ်၏-စသော စေတသိက်ကို ဝေဒနာသင်္ဂဟ ဖြင့် ခွဲပြသောလင်္ကာ (နှာ-၂၅)။

(၂) ပဋိဃ ကာမ၊ ဆ မဟဂ္ဂ-စသော ကေန်အာရုံပြလင်္ကာ (နှာ-၃၅)။

(၃) မာ,ပိ,မာပိ၊ ဘနှင့်ဘာ-စသော အဂမနီယဝတ္ထုပြသံပေါက် (နှာ- ၁၇၀)။

(၄) စက္ခုဝိညာဏ် တဒနု-ဝိနိစ္ဆယ် သမ္ပဟာက်-စသော ကာယဝိညတ္တိ ဂဟဏဝီထိ အစဉ်ပြဂါထာ (နှာ-၁၉၈) စသည်တို့ဖြစ်ပါသည်။

ဤကဲ့သို့သော အသိဉာဏ်ကို ထိန်းသိမ်းထားသည့် လေ့လာသူအများ စာသင်သားတို့အတွက် ကျေးဇူးကြီးမားလှသော ဆောင်ပုဒ်လင်္ကာ, ဂါထာများ ကား ဤပရမတ္ထသရူပဘေဒနီကျမ်း၏ မည်သည့်ခေတ်အခါမှာမှ မရှိနိုင်သော ခေတ်တိုင်းငံသည့် ဆန်းသစ်သော အရေးအသားများ ဖြစ်ချေသည်။

(ဇ) အခက်အခဲကို လွယ်စေခြင်း

ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိရတို့၌ပြအပ်သော သိသင့်သိထိုက်သည့် အနက် အဓိပ္ပါယ် အဆိုအမိန့်များသည် ပျိုမျစ်နုနယ် စာသင်ငယ်တို့၏ ဉာဏ်အမြင်နှင့် အံမဝင် ခွင်မကျ ခက်ခဲနေလေရာ ထိုခက်ခဲနက်နဲသောအရာဌာနတို့ကို ဤပရမတ္ထ သရူပ ဘေဒနီကျမ်း၌ သင်အံလေ့ကျက် ဆောင်ရွက်ချင်ဖွယ် လွယ်ကူစွာပြောင်းလွှဲ ရေးသားပြဆိုပေသည်၊ ပြယုဂ်ကား—

အာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန်ကို ဆရာတော်ဦးဖုံက—

> သေဇံ တိပါကံ ကြိယံ၊ စတုရှပဉ္စ သေဇိနော—

စသော အဓိပ္ပါယ် အနက်ခက်လှသည့် ပါဠိဂါထာဖြင့် ရေးသား ပြဆိုတော်မူ၏၊ ယင်းကို ဤကျမ်း (နှာ-၃၆-၃၇) ၌ ချောမွေ့သိလွယ် နာချင်ဖွယ်ရှိသော မြန်မာ ဘာသာလင်္ကာအဖြစ်ပြောင်း၍—

လောဘမှသည်၊ ဒေါသမှ မောဟ၊ ဒုက္ခကြဉ်ဖယ်–စသည်ဖြင့် ရေးသားပြဆို ထားလေသည်။

အဝိဇ္ဇာနှင့် တဏှာမူလ နှစ်ပါးထားရခြင်းအကြောင်းကို သမ္မောဟ ဝိနောဒနီအဋ္ဌကထာကြီး၌ စုဏ္ဏိယ (စကားပြေ)ဖြင့် ကျယ်ဝန်းစွာရေးသားထား သည်ကို....ကျက်မှတ်လွယ်ကူစေရန်... ဤကျမ်းနှာ (နှာ-၃၆၆) ၌—

ဒိဋ္ဌိစရိတဘဝေန၊ ဂဗ္ဘသေယျ ဝသေန ဝါ စသည်ဖြင့် ချောမွေ့သော ဂါထာဗန္ဓဖြင့်စီကုံးရေးသားထားပေသည်။

ဤသို့ လေ့လာသူအများ စာသင်သားတို့၏ စိတ်နှလုံး ရွှင်ပြုံးနှစ်ခြိုက် ချစ်ကြိုက်ဖွယ် အရေးအသားတို့ဖြင့် ဤပရမတ္ထသရူပဘေဒနီ ကျမ်းကြီးကို ခြယ်လှယ်ထားပေသည်။

အထက်ဖော်ပြပါ အချက်များ(က)မှ (ဇ)တိုင်အောင် ပြဆိုခဲ့သော အခြင်း အရာတို့ကား ဤပရမတ္ထသရူပဘေဒနီကျမ်း၏ ထူးခြားကောင်းမြတ်သည့် ဂုဏ် အင်္ဂါအချက်အလက်တို့အနက်မှ အမြွက်မျှ ထုတ်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်။

အပြည့်အစုံ ရေးရပါလျှင် မူလကျမ်းထက် နိဒါန်းက များနေမည်က တကြောင်း, စာရှုသူတို့ ကျမ်းရင်းကို လေ့လာသောအခါ တွေ့ရှိသိကြရဦးမည်

ဖြစ်သည်က တကြောင်း, ဤမျှပြဆိုလျှင် အဘယ်သို့သော ဂုဏ်များရှိသနည်း ဟူသော မေးခွန်းကို ဖြေဆိုလုံလောက်ပြီဖြစ်၍တကြောင်းတို့ကြောင့် အခြား ကောင်းမြတ်သော ဂုဏ်တို့ကို မပြတော့ပဲ ပေယျာလ ထိုးလိုက်ပါတော့သည်။

ပရမတ္ထသရူပဘေဒနီကျမ်းကောင်းခြင်း၏ အကြောင်းရင်း

၇။ အဘယ့်ကြောင့် ဤကျမ်းသည် ကောင်းမြတ်သောဂုဏ်တို့နှင့် ပြည့်စုံ ရသနည်း။

ဤမေးခွန်းကို ဖြေဆို လျှင် အဓိကအားဖြင့် အကြောင်းရင်းနှစ်ချက်ရှိ၏၊ ၎င်းတို့ကား—

(က) ဉာဏ်ခြေနုနယ် စာသင်ငယ်တို့အတွက် ရည်ရွယ်၍ရေးခြင်း။

(ခ) အချိန်ရရ စိတ်တိုင်းကျ ရေးခဲ့ခြင်း။

ဟူသော အကြောင်းများပင်ဖြစ်သည်။

ပထမ (က) အချက်အရ ဉာဏ်ခြေနုနယ် စာသင်ငယ်တို့အတွက် ရည်ရွယ်၍ ရေးကြောင်းကို နံပါတ်(၄)မေးခွန်း၌ ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။

ဒုတိယ (ခ) အချက်အရ ကောင်းမြတ်သည့် ဂုဏ်တို့နှင့် ပြည့်စုံရပုံကိုသာ ရေးပြပါအံ့။

ဤကျမ်းကို စာပေပို့ချရင်း ၁၂၂၇-ခုနှစ်မှ ၁၂၄၅-ခုနှစ်အထိ ၁၈-နှစ်ကြာ ပြုစုတော်မူခဲ့သည်၊ ဤသို့ နှစ်ကာလကြာကြာ အချိန်ယူ၍ စိတ်တိုင်းကျ ပြုပြင် စီရင် ရေးသားရသောကြောင့် ဤကျမ်းသည် အထက်ဖော်ပြပါ ကောင်းမြတ် သည့်ဂုဏ်တို့နှင့် ပြည့်စုံခြင်း ဖြစ်ပေသည်။

ရွှေကျင်နိကာယ သာသနာဝင်ကျမ်း စာမျက်နှာ-၂၄၉-၌မူ မာန်လည်ဆရာ တော်ကြီး၏ မင်္ဂလဒီပလင်္ကာသစ်ကျမ်းကြီးနှင့် နှိုင်းယှဉ်ပြဆိုထားလေသည်။

မှန်ပေသည်၊ မာန်လည်ဆရာတော်သည် မင်္ဂလဒီပလင်္ကာသစ်ကို ရဟန်းဝါ ၁၀-ဝါ, သက်တော် သုံးဆယ်အရွယ်မှစ၍ ရေးခဲ့ရာ သက်တော်ခုနှစ်ဆယ်အရွယ် ရောက်မှ ပြီးဆုံးခြင်းသို့ ရောက်သည်၊ ပြီးဆုံးသွားသောအခါ၌လည်း တိုင်းသိ ပြည်ကျော် ထင်ပေါ်သည့် ကျမ်းကြီးတစောင် ဖြစ်ခဲ့သည်။

ထို့အတူပင် ဤပရမတ္ထသရူပဘေဒနီကျမ်းသည်လည်း ၁၈-နှစ်ကြာမျှ ရေးရ သော ကျမ်းဖြစ်သည်၊ ကျမ်းပြီးသည့်အခါ၌လည်း ကောင်းမြတ်သည့် ဂုဏ်အင် တို့နှင့် စုံလင်ပြည့်မောက် အံ့လောက်ဖွယ်ရာ ထယ်ဝါခမ်းနား ကျော်ကြားသော ကျမ်းကြီးတစောင် ဖြစ်ခဲ့လေသည်။

ဤကား ဤကျမ်းကောင်းခြင်း၏ အကြောင်းရင်းများပေတည်း။

ပရမတ္ထသရူပဘေဒနီကျမ်း ရိုက်နှိပ်ခဲ့သည့် အကြိမ်များ

၈။ ဤကျမ်းကို အကြိမ်ပေါင်းမည်မျှ ရိုက်နှိပ်ခဲ့ပြီနည်း—

ဤမျှကောင်းမွန်သော ဂုဏ်တို့နှင့်ပြည့်စုံသော ကျမ်းကို အကြိမ်ပေါင်း များစွာ ရိုက်နှိပ်ခဲ့ပြီး, အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ရဦးမည်မှာ သေချာလှ၏၊ ထို့ကြောင့် တိတိကျကျရေးပြရန် မလွယ်ကူချေ။

သို့သော် လေ့လာတွေ့ရှိရသမျှ အကြိမ်များကို ဖော်ပြရမည်ဆိုလျှင်—

(က) ၁၂၄၅-ခုနှစ်၌ မန္တလေးမြို့တော် နန်းမြို့တွင်းရှိ ရတနာပုံစာပုံနှိပ် တိုက်၌ ပဌမအကြိမ် ရိုက်နှိပ်ခဲ့သည်ဟု ရွှေကျင်နိကာယ သာသနာ ဝင်ကျမ်း နှာ-၂၄၉ ၌ ဖော်ပြထားသည်။

(ခ) ၁၂၅၃-ခုနှစ် နယုန်လအတွင်း မန္တလေးမြို့, 'မန္တလေးအဆွေသတင်း စာပုံနှိပ်တိုက်'၌ ရိုက်နှိပ်သောမူကိုတွေ့ရသည်၊ စာအုပ်ရေ (၁၀၀၀) ဟု ဖော်ပြထားသည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့်—

Printed at the "Friend of Mandalay" Press. 1891

ဟု တွေ့ရသည်။

(ဂ) ၁၂၆၂-ခုနှစ်မန္တလေးမြို့ ၈၄-လမ်း ကျောက်သွေးတန်း ဇမ္ဗူ့မျက်မှန် ပုံနှိပ်တိုက်မှ ရိုက်နှိပ်သောမူကို တွေ့ရသည်၊ ထိုမူ၌ တတိယအကြိမ် ရိုက် စာအုပ်ရေ(၁၅၀၀)ဟု ဖော်ပြထား၏။

(ဃ) ၁၂၆၉-ခုနှစ်၌ (အတွင်းဖုံးတွင်) မန္တလေးမြို့ ဇမ္ဗူ့မျက်မှန်တိုက်မှ စတုတ္ထအကြိမ်ရိုက်ဟု ရေးထားသော မူတခုလည်း တွေ့ရသည်၊ ထိုမူ၏ နိဒါန်း၌ ၁၂၆၂-ခုနှစ်က ဇမ္ဗူ့မျက်မှန်တိုက်၌ တတိယအကြိမ်ရိုက်နှိပ် ခဲ့ပြီး ယခု ၁၂၆၉-ခုနှစ်တွင် မန္တလေးမြို့၊ ကျောက်သွေးတန်း၊ တမ္ဗဒီပ စာပုံနှိပ်တိုက်မှ စတုတ္ထအကြိမ်ရိုက်ကြောင်း ရေးသားထားသည်ကို တွေ့ရ၏၊ အတွင်းမျက်နှာဖုံး၌ စာအုပ်ရေ(၁၀၀၀)ဟု ဖော်ပြထား၏။

(င) ၁၂၆၉-ခုနှစ် ရန်ကုန်မြို့သာသနဇောတိကပုံနှိပ်တိုက်မှ ပဌမရိုက်သောမူ ကိုလည်း တွေ့ရသည်၊ ပထမဝါဆိုလအတွင်း ပုံနှိပ်ပြီးကြောင်းနှင့် စာ အုပ်ရေ ၂၅၀၀-ရိုက်ကြောင်း အတွင်းမျက်နှာဖုံး၌ ဖော်ပြထားသည်။

(စ) ၁၂၈၂-ခုနှစ်၌ ရန်ကုန်မြို့ သာသနဇောတိကပုံနှိပ်တိုက်မှပင် ဒုတိယ အကြိမ် ရိုက်နှိပ်သည့် မူကိုလည်း တွေ့ရ၏ အတွင်းမျက်နှာဖုံး၌ စာ အုပ်ရေ (၁၀၀၀) ရိုက်ကြောင်း ဖော်ပြထားသည်။

အထက်ပါတွေ့ရှိရသော စာမူများအရ ဤကျမ်းကို ခြောက်ကြိမ်မျှရိုက်နှိပ်ပြီး ခဲ့ကြောင်း သိရ၏၊ ယခု ၁၃၃၀-ခုနှစ် ကျွန်ုပ်တို့ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ခြင်း ကား ခုနစ်ကြိမ်မြောက် ပုံနှိပ်ခြင်းဟု ယူဆရမည် ဖြစ်ပေသည်။

ထပ်မံရိုက်နှိပ်ရခြင်းအကြောင်း

၉။ အဘယ့်ကြောင့် ထပ်မံရိုက်နှိပ်ရသနည်း—

မေးခွန်း ၆-၌ ဖြေဆိုခဲ့သည့်အတိုင်းပင် ဤကျမ်းသည်—

(၁) ခေါင်းဆောင်မြန်မာဘာသာ အဘိဓမ္မာဋီကာကျမ်းဖြစ်ခြင်း

(၂) ပရမတ္ထသရုပ်ခွဲကျမ်း ဖြစ်ခြင်း

(၃) ကမ္မဋ္ဌာန်းစွယ်စုံကျမ်း ဖြစ်ခြင်း

စသော ထူးခြားကောင်းမြတ်သည့် ဂုဏ်တို့နှင့် ပြည့်စုံလှသည်၊ ထို့ကြောင့် ဤ ကျမ်းကို အဘိဓမ္မာ လေ့လာသင်ယူသူ သောတုဇနတို့နှင့် ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်သူ ယောဂီပုဂ္ဂိုလ်တို့ လက်စွဲတခု အားကိုးပြုကြရသည်၊ အသုံးများကြသည်။

ထိုသို့ အားကိုးအားထား အသုံးအစွဲများသောကြောင့် ဤကျမ်းသည် 'ယထာပရာဓသာသနာ'ဟု ဆိုအပ်သော ဝိနည်းဒေသနာတော်, 'ယထာနုလောမ သာသနာ'ဟု ဆိုအပ်သော သုတ္တန်ဒေသနာတော်, 'ယထာသဘာဝသာသနာ'ဟု ဆိုအပ်သော အဘိဓမ္မာဒေသနာတော်ဟူသော သာသနာသုံးရပ်တို့တွင် ယထာသဘာဝ သာသနာ အဘိဓမ္မာဒေသနာတော်ကြီး တည်တံ့ခိုင်မြဲစေ ရန်၎င်း, တိုးတက်စည်ပင် ပြန့်ပွါးစေရန်၎င်း စွမ်းဆောင်နိုင်သည့် ကျမ်းတစောင် ဖြစ်ပေသည်။

မြတ်စွာဘုရား ဟောကြားအပ်သည့် တရားဒေသနာကို သင်ယူခြင်းဟူ သော ပရိယတ္တိသာသနာ, တရားတော်တို့ လိုက်နာကျင့်ကြံ အားထုတ်ခြင်းဟူ သော ပဋိပတ္တိသာသနာ, တရားတော်ကို ထိုးထွင်းသိမြင်ခြင်းဟူသော ပဋိဝေဓ သာသနာဟု ဆိုအပ်သည့် သာသနာသုံးရပ်၏ ကြံ့ကြံ့ခိုင်ခိုင် တည်တံ့နိုင်စေခြင်း ငှါ၎င်း, တိုးတက်ပြန့်ပွါး စည်ကားစေခြင်းငှါ၎င်း ဤပရမတ္ထသရူပဘေဒနီ ကျမ်းက ဆောင်စွမ်းနိုင်ပေသည်။

ဤမျှ သာသနာတော်၌ အကျိုးကျေးဇူးတရား ကြီးမားလှသော ကျမ်းကြီး သည် ၁၂၈၂-ခုနှစ် ဆဋ္ဌမအကြိမ် ရိုက်နှိပ်ပြီးသည်မှ ယခု ၁၃၃၀-ခုနှစ်အထိ နှစ်ပေါင်း ၄၈-နှစ်တိုင်တိုင် ပြန်လည်ရိုက်နှိပ်ခြင်း မရှိဘဲ တိမ်မြုပ်ပျောက်ကွယ် လုနီးနီး ဖြစ်နေပေသည်။

ထို့ကြောင့် သာသနာတော်၌ ကျေးဇူးတရား များပြားလှသော ကျမ်းကြီး တဆူ ပျောက်ကွယ်၍ မသွားစေခြင်းငှါ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့က ထပ်မံ၍ ရိုက်နှိပ်ခြင်း ဖြစ်ပေသည်။

ယခုအကြိမ် ရိုက်နှိပ်ပုံ

၁၀။ အဘယ်ပုံ ရိုက်နှိပ်သနည်း—

ယခုအကြိမ် ပရမတ္ထသရူပဘေဒနီကျမ်းကို ဗုဒ္ဓသာသနာအဖွဲ့က ရိုက်နှိပ်ရာ ၌မူ ရှေးအကြိမ် ရိုက်များနှင့် မတူပဲ ထူးကဲ ကောင်းမွန်စေရန်—

(က) မရှုပ်ထွေးစေရန် ဆိုလိုရင်းဝါကျ စကားရပ်တို့ကို စာပိုဒ်များ ပိုင်း ဖြတ်ထားခြင်း။

(ခ) ဆိုလိုသည့်အကြောင်းကို ခေါင်းစီးကြီး, ခေါင်းစီးသေး, ဘေးခေါင်း များ တပ်ပြခြင်း။

(ဂ) ခက်ခဲသော ပါဠိဝေါဟာရများကို မြန်မာပြန်၍ ပြခြင်း။

(ဃ) အကိုးအကား ကျမ်းညွှန်းများကို ရှာဖွေရေးသား ပြဆိုခြင်း။

(င) ခဲခက်သော အဓိပ္ပါယ်အယူအဆကို ရှင်းလင်း၍ ပြခြင်း။

(စ) ကဗျာလင်္ကာတို့၏ အဖြေနှင့် သိမှတ်ဖွယ် အချက်အလက်တို့ကို နောက်ဆက်တွဲအဖြစ် ရေးသားဖော်ပြခြင်း။

(ဆ) ဗဟုသုတဖြစ်ဖွယ် နိဒါန်းသွယ်၍ ပြခြင်း။

(ဇ) သိမှတ်ဖွယ် အကြောင်းအရာ အသေးစိတ် မာတိကာရေးခြင်း။

(ဈ) သိလိုသော အကြောင်းအရာကို လွယ်ကူစွာ တွေ့နိုင်ရန် မှတ်သား ဖွယ် အသေးစိတ် အက္ခရာဝလိ ထည့်သွင်းခြင်း။

(ည) ကျက်မှတ်ဖွယ်ဂါထာတို့ကို လွယ်ကူစွာ တွေ့နိုင်စေရန် ဂါထာသူစိ= ဂါထာအက္ခရာစဉ် ထည့်သွင်းခြင်း။

စသော ကောင်းမြတ်သည့် အစီအစဉ်တို့ဖြင့် ပြုပြင်တည်းဖြတ် ရိုက်နှိပ်ထား ပါသည်။

တိုက်တွန်းချက် ဥယျောဇဉ်

ဤမျှလောက်သော စကားအစဉ်ဖြင့်ကား မူလပင်ရင်းကျမ်း၏ ကောင်း ခြင်း, တည်းဖြတ်သုတ်သင် ပြင်ဆင်ရိုက်နှိပ်ပုံ၏ ကောင်းခြင်းစသော ကောင်း ခြင်းအဖုံဖုံတို့နှင့် ပြည့်စုံသည့် ပရမတ္ထသရူပဘေဒနီကျမ်း၏ အကြောင်းအရာ နိဒါန်းကို သွယ်တန်းရေးသားအပ်လေပြီ၊ ယခုအခါ၌ စာရှုသူတို့အား ဥယျောဇဉ်ညွှန်း၍ တိုက်တွန်းသော စကားရပ်ဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ပါတော့အံ့။

(က) ဒါနိ ဘောန္တော၊ သမုပ္ပန္နော၊ နဝါကပ္ပေါ သုသင်္ခတော။
ပရမတ္ထသရူပါနံ၊ အယံ ဂန္ထော ဝိဘေဒကော။

(ခ) ပရမတ္ထသရူပေသု၊ ဆေကဘာဝံ ဝဍ္ဎံသကံ။
ခေရေတုံ ယေ ပတ္ထယန္တိ၊ တေမံ သိက္ခန္တု၊ သာဒရံ။

(က) ဘောန္တော၊ ပရမတ္ထ မြတ်ဓမ္မကို တတ်ကြွလိုငြား အိုသူတော်ကောင်း အများတို့။ ဒါနိ၊ ပရမတ်ဉာဏ် အမြင်သန်ဘို့ သင်အံလေ့ကျင့် ကြည့်ရှုခွင့်နှင့် အသင့်ကြုံလာ ယခုအခါ၌။ နဝါကပ္ပေါ၊ ခေတ်စဉ်နှစ်ပေါင်း ဘယ်မျှပြောင်း လည်း မဟောင်းညစ်နွမ်း ဖြစ်မသန်းဘဲ သစ်ဆန်းသော အသွင်အပြင်လည်း ရှိပေထသော။ သုသင်္ခတော၊ အဓိပ္ပါယ်အနက် ဆုံးဖြတ်ချက်နှင့် ကျက်ဖွယ် ဆောင်ပုဒ် အကျဉ်းချုပ်လျက် သရုပ်ခွဲကာ ကောင်းစွာပြုပြင် စီရင်အပ်ပေထ သော။ ပရမတ္ထသရူပါနံ၊ စိတ်, စေတသိက်, ရုပ်, နိဗ်, ပညတ် ပရမတ်ငါးပါး သဘောတရားတို့ကို။ ဝိဘေဒကော၊ ခွဲခြမ်းပိုင်းဖြတ် ပြဆိုတတ်သော။ အယံ ဂန္ထော၊ ပရမတ္ထသရူပဘေဒနီ အမည်ဘွဲ့ဆန်း ဤသည့်ကျမ်းသည်။ သမုပ္ပန္နော၊ နေမင်း, လမင်း ပုံအဆင်းကဲ့သို့ ထင်လင်းမှန်စွာ ထွက်ပေါ်၍ လာချေပြီ။

(ခ) ပရမတ္ထသရူပေသု၊ စိတ်, စေတသိက်, ရုပ်, နိဗ်, အကျင့်မြတ် ပရမတ် တည်းဟူသော သဘောတရားတို့၌။ ဆေကဘာဝံ၊ တတ်မြောက်သိမြင်ကျွမ်းကျင် လိမ္မာသူ၏ အဖြစ်တည်းဟူသော။ ဝဍ္ဎံသကံ၊ ကိုယ်တွင်အမြတ် ဦးခေါင်းရပ်၌ မပြတ်ဆင်မြန်း ဦးဆောက်ပန်းကို။ ခေရေတုံ၊ ပုံဟန်စုံစွင့် ဂုဏ်မာန်ဝင့်လျက် တင့်တယ်လှပ ပန်ဆင်ကြခြင်းငှါ။ ယေ၊ ကြီးငယ်မဟူ ရှင်လူအပေါင်း အကြင် သူတော်ကောင်းတို့သည်။ ပတ္ထယန္တိ၊ လိုအင်ဆန္ဒ လှန်ပြင်းပြလျက် တောင့်တ ကြကုန်၏။ တေ၊ တောင့်တလိုလား ထိုသူအများတို့သည်။ ဣမံ ဂန္ထံ၊ ရှင်း, ကျဉ်း, စုံ, ကောင်း ဂုဏ်အပေါင်းကို စုဆောင်းဖွဲ့ရာ ဤကျမ်းမဟာကို။ သာဒရံ၊ အာရုံအနှံ့ စိတ်မပျံ့ဘဲ တည်တံ့ခိုင်မာ ကောင်းမွန်စွာ။ သိက္ခန္တု၊ သဒ္ဓါ, ဆန္ဒ, ဝီရိယဉာဏ် အရင်းခံလျက် ရွတ်အံလေ့ကျက် ဆောင်ရွက်သင်ယူကြကုန် ရာသတည်း။